# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၀၂)

၁၃၆၃ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

(၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **တက္ကသိုလ်** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကိုဆိုသည်။

(ခ) **ကောင်စီ** ဆိုသည်မှာ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ လုပ်ငန်း တာဝန်များကို ကြီးကြပ်ရန် ဤဥပဒေအရ ဖွဲ့စည်းသည့် တက္ကသိုလ်ကောင်စီ ကို ဆိုသည်။

(ဂ) **ပါမောက္ခချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ပါမောက္ခချုပ်ကို ဆိုသည်။

## အခန်း (၂)
## တည်ထောင်ခြင်း

၃။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကို ဤဥပဒေ စတင်အာဏာသက်ရောက်သည့်နေ့မှစ၍ တည်ထောင်လိုက်သည်။

၄။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် တက္ကသိုလ်နှင့်ပေါင်းကူးဆက်သွယ်သည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သလို တည်ထောင်နိုင်သည်။

## အခန်း (၃)
## တက္ကသိုလ်၏ ရည်မှန်းချက်များ

၅။ တက္ကသိုလ်၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေကြောင်းပညာဖြင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်၊

(ခ) ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံပြီး ကျွမ်းကျင်သော ရေကြောင်းပညာရှင်များ မွေးထုတ်နိုင်ရန်၊

(ဂ) ရေကြောင်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုမည့် သိပ္ပံနှင့်နည်းပညာတို့ကို သင်ကြားပေးနိုင်ရန်၊

(ဃ) ရေကြောင်းပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင်ရွက်နိုင်ရန်၊

(င) အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က ချမှတ်ထားသည့် ပြဋ္ဌာန်းချက်များကို ရေကြောင်းပညာရှင်များသိရှိနားလည်နိုင်စေရန်၊

(စ) ရေကြောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် သုတေသနလုပ်ငန်းရပ်များကို ဆောင်ရွက်နိုင်ရန်။

## အခန်း(၄)
## ကောင်စီဖွဲ့စည်းခြင်း

၆။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော တက္ကသိုလ်ကောင်စီကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ | ကောင်စီဝင်များ |
| (၃) | ဘာသာရပ်ဆိုင်ရာ ပညာရှင်များ | ကောင်စီဝင်များ |
| (၄) | သင့်လျော်သော နိုင်ငံသားများ | ကောင်စီဝင်များ |
| (၅) | ပါမောက္ခချုပ်၊ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် | အတွင်းရေးမှူး |

(ခ) လိုအပ်ပါက ကောင်စီ၏ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်နိုင်ပါသည်။

(ဂ) ကောင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၅)
## ကောင်စီ၏ လုပ်ငန်းတာဝန်များ

၇။ ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တက္ကသိုလ်၏ ပညာရေးဆိုင်ရာ မူဝါဒများနှင့် လမ်းညွှန်မှုများကို ချမှတ်ခြင်း၊

(ခ) တက္ကသိုလ်နှင့်ပေါင်းကူးဆက်သွယ်သည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများကို တည်ထောင်နိုင်ရန် ထောက်ခံတင်ပြခြင်း၊

(ဂ) တက္ကသိုလ်၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်း၊

(ဃ) တက္ကသိုလ်က အပ်နှင်းမည့် ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များ သတ်မှတ်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) တက္ကသိုလ်က အပ်နှင်းမည့် ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များအား အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က သတ်မှတ်ထားသည့် ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ် မည်သည့်အဆင့်နှင့်တူညီသည်ကို ညှိနှိုင်းသတ်မှတ်ခြင်း၊

(စ) နိုင်ငံခြားတိုင်းပြည်များက အပ်နှင်းသည့် ရေကြောင်းဘက်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို လိုအပ်ပါက အသိအမှတ်ပြုနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဆ) တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်မည့် ဆရာများ၏ ပညာအရည်အချင်းကို သတ်မှတ်ခြင်း၊

(ဇ) နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ တက္ကသိုလ်တွင် လက်ခံသင်ကြားမည့် ကျောင်းသားဦးရေ သတ်မှတ်ခြင်း၊

(ဈ) ရေကြောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် အဆိုပါ ပညာရပ်များပြန့်ပွားရေးတို့အတွက် စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ည) ရေကြောင်းဘက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းရေးနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဋ) တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ တက္ကသိုလ်နှင့်ပေါင်းကူးဆက်သွယ်သည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများ၏ ပညာရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် တင်ပြချက်များကို ဆုံးဖြတ်ခြင်း၊

(ဌ) လိုအပ်သော ကျွမ်းကျင်မှု အကူအညီနှင့် အခြားအကူအညီများကို အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများထံမှ ရယူခြင်း၊

(ဍ) ကောင်စီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော အဖွဲ့ငယ်များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

၈။ ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

## အခန်း (၆)

## တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့များ ဖွဲ့စည်းခြင်း

၉။ ကောင်စီသည် တက္ကသိုလ်တွင် သင်ကြားပို့ချမည့် ဘာသာရပ်များအလိုက် သင်ရိုးမာတိကာ၊ သင်ရိုးညွှန်းတမ်းများနှင့် စာအုပ်စာတမ်းများကို စိစစ်အတည်ပြုသည့် လုပ်ငန်းတာဝန်များ၊ ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များ ချီးမြှင့်သည့် လုပ်ငန်းတာဝန်များနှင့် ပညာရေးဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ပါကပါမောက္ခချုပ် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် တက္ကသိုလ် ပညာရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၀။ ကောင်စီသည် တက္ကသိုလ်၏ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ကျောင်းသားများ၏ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ပါမောက္ခချုပ် ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် တက္ကသိုလ်စီမံခန့်ခွဲရေးကို ဖွဲ့စည်းရမည်။

၁၁။ ကောင်စီသည် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၁၂။ တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့တွင် ပါဝင်သော ဝန်ထမ်းမဟုတ်သည့် အဖွဲ့ဝင်များသည် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

## အခန်း (၇)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၃။ ကောင်စီသည် ပညာသင်ကြားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို သတ်မှတ်ချက်များနှင့်အညီ ရေးဆွဲ၍ အတည်ပြုထားရှိရမည်။

၁၄။ ကောင်စီသည် ဆရာများနှင့်ဝန်ထမ်းများကို ခန့်ထားရာတွင် -

(က) တည်ဆဲစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံအတွင်းခန့်ထားနိုင်ခွင့်ရှိသည်။

(ခ) ပညာသင်ကြားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်မည့် ဆရာများနှင့် ဝန်ထမ်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်း၍ လွှဲပြောင်းရယူခန့်ထားနိုင်သည်။

၁၅။ ကောင်စီသည် ဝန်ထမ်းရေးရာ လုပ်ပိုင်ခွင့်များကို ပါမောက္ခချုပ်အား လိုအပ်သလိုလွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၈)
## ဘဏ္ဍာရေး

၁၆။ ပါမောက္ခချုပ်သည် တက္ကသိုလ်၏ နှစ်စဉ်ရသုံးမှန်ခြေ ငွေစာရင်းကို ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြ၍ သဘောတူညီချက်ရယူပြီး ဆောင်ရွက်ရမည်။

၁၇။ ပါမောက္ခချုပ်သည် တက္ကသိုလ်၏ရငွေနှင့် အသုံးစရိတ်များကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့် စာရင်းအင်းထားရှိခြင်း၊ ပေးသွင်းခြင်းနှင့် သုံးစွဲခြင်း ပြုရမည်။

## အခန်း (၉)

## အထွေထွေ

၁၈။ တက္ကသိုလ်သည် ဘွဲ့၊ ဒီပလိုမာ၊ အောင်လက်မှတ်နှင့် ရေကြောင်းဘက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခွင့်ရှိသည်။

၁၉။ တက္ကသိုလ်သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

၂၀။ တက္ကသိုလ်သည် ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက တည်ထောင်ထားသော ရေကြောင်း ပညာသိပ္ပံပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင် သောပစ္စည်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရ မည်။

၂၁။ တက္ကသိုလ်သည် ပညာရေးလုပ်ငန်းနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ အောင်မြင်စေရန် အလို့ငှာ ကျွမ်းကျင်မှုအကူအညီနှင့် အခြားလိုအပ်သော အကူအညီများကို ဝန်ကြီးဌာနများ နှင့်ဖြစ်စေ၊ အစိုးရဌာန အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အခြားပြည်တွင်းပြည်ပ အဖွဲ့အစည်းများ နှင့်ဖြစ်စေ ဆက်သွယ်ရယူပိုင်ခွင့်ရှိသည်။

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ပို့ဆောင်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ